
ပါရမီရှင် မောင်ပြည့်ဝ နှင့်
ပါရမီရှင်မောင်ပြည့်ဝနှင့်
ကိုးမြို့ကိုးဓား ကိုးတံခါးပိုင်
ဝမ်းတွင်းကဝေမယ်ညွှန့်
မှော်နန်း(ပြည့်)

ကျွန်ုပ်လည်း ဒေးစွန်ပါမှ အဘဦးကျိုင်း ပေးအပ်လိုက်သော ဉာပနာပစ္စည်းများ နှင့် ရှမ်းပြည်နယ်၏ နယ်စွန်ဖြစ်သော ရွာငယ်လေးသို့ ရောက်သောအခါ ဘုရားတည်ဖို့ ရာ ပြင်တော့၏။

ထိုရွာ ကလေးသည် ကား နယ်စွန်မြို့စွန် ဖြစ်သည့်အပြင် ရိုးမနှင့်လည်း လွန်စွာ နီးလှ၏။ နံနက်ချိန်ခါနှင့် နေဝင်ရီတရော အချိန်များ တွင် ရိုးဘက်မှ တောသတ္တဝါ ကြီးငယ်တို့ ၏ ဟောက်သံ၊ တစ်သံ၊ အစ်သံ တို့အား အမြဲလိုလို ကြားနေရ၏။

ရံဖန်ရံခါများ တွင် လည်း တောဆင်ရိုင်းများ နှင့် တောခွေး၊ တောဝက်၊ ချေ၊ ဆတ် စသည့် သတ္တဝါများ သည် ရွာအတွင်းသို့ ဝင်လာတတ်သည် ဆို၏။ ကျွန်ုပ်သည် တစ်ခုသော မနက်တွင် ဘုရားတည်ဖို့ ရာ အတွက် လိုအပ်သည် များကို ရပ်ရွာ လူကြီးများ နှင့် တိုင်ပင်ကာ အကူအညီ တောင်းလိုက်၏။

ရွာလူကြီး၏ အိမ်သည် ရေနံမည်းမှောင် ပိတ်နေအောင် သုတ်ထားသော ရှေးအိမ်ပုံစံ အိမ်ကြီး ဖြစ်၏။

ရွာလူကြီးကလည်း ကျွန်ုပ်ကို မြင်သည် နှင့် အိမ်ပေါ်သို့ ကြွပါရန် ဖိတ်ခေါ်၍ သူ၏ တပည့်များအား ရွာသူ ရွာသားများကိုပါ ခေါ်ရန် အသိပေးလိုက်သည် ။

များ မကြာမီ အချိန်၌ ဟိုမှ သည် မှ ရွာသူရွာသားများ ရောက်ရှိလာပြီး ရွာလူကြီး၏ အိမ်ပေါ် ထပ်၌ လူစည်ကားလျက် ရှိ၏။ လူစုံချိန်၌

ရွာလူကြီးက ရွာသားများ နှင့် ကျွန်ုပ်ကို မိတ်ဆက် ပေးပြီး ကျွန်ုပ်သည် ဘုရားတည်ရန် လာသော ပုဂ္ဂိုလ် ဖြစ်ကြောင်း ပြောပြပြီးသည် မို့…

"ကဲ…။ ဒီက ရပ်ရွာလူကြီးရော … ရွာသားတွေပါ သိပြီးသား နေမှာပါ…။ ကျွန်တော် ဒီကို လာရတာဟာလည်း … ရွာအစွန်က "ဥတစ်လုံးတောင်"မှာ ကိုးတောင်ပြည့် စေတီ တစ်ဆူ တည်ထားဖို့ ပါပဲ…။ လိုအပ်တဲ့ အုတ်၊ သဲ၊ ကျောက်နဲ့ … မြေနေရာ ရှင်းလင်းရေး အတွက်… လူအင်အား လိုနေပါတယ်…..။ ရပ်ရွာသားများ အနေနဲ့ ပါဝင်ကူညီမှ သာ အောင်မြင်နိုင်မှာ မို့ ကူညီ ပေးစေလိုပါတယ်…"

ဟု ကျွန်ုပ်မှ စကား လမ်းခင်း လိုက်၏။

ရွာလူကြီး ကိုခွန်စိုင်းမှာ ရွာလူကြီးဟု သာ ဆိုသော်ငြား အသက်လေးဆယ် အရွယ်ခန့် ရှိသော လူလတ်ပိုင်း တစ်ဦးသာ ဖြစ်၏။ ကိုခွန်စိုင်း ကလည်း …

"ဟာ…။ ဒါတော့ မပူပါနဲ့ ဆရာလေး … ကျွန်တော်တို့ အားလုံး … ကူညီမှာ ပါ…။ ကုသိုလ်ရေးဆို… လက်မနှေးပါဘူး…။ စကားပုံတောင်ရှိသေး … တစ်မူးရှိလို့ တစ်ပဲလှူ တို့ ရှမ်းတောင်သူ မီနိုင်ရိုးလား … ဟားဟား…"

သူ ပြောလိုက်သောစကား သူကိုယ်တိုင် သဘောကျနေပုံရ၏။

ကျွန်ုပ်ကလည်း …

"ဟုတ်ပြီဗျာ … ကိုခွန်စိုင်း…။ ဝမ်းသာပါတယ် … ဒါဆိုရင်… မနက်ဖြန် မနက်ပိုင်း… ကျရင်… တောင်ပတ်ဝန်းကျင် ရှင်းတာပေါ့ဗျာ…။ ကျုပ်လည်း အောင်မြေနင်းစရာ… ရှိသေးတယ်ဗျာ… သွားခွင့်ပြုပါဦး…"

ဟု ကိုခွန်စိုင်းနှင့် ရွာသားများကို နှုတ်ဆက်ခဲ့ပြီး ရွာအတွင်းမှ ထွက်လာခဲ့သည် ။ သို့သော် ကျွန်ုပ်တစ်ဦးတည်း မဟုတ်။ ရွာလူကြီး အိမ်၌ တောက်တိုမည်ရ လုပ်ကိုင်ပေးနေသော စိုင်းသူရ ဆိုသည့် ကျွန်ုပ်နှင့်ရွယ်တူ လူငယ်တစ်ဦးကပါ ကျွန်ုပ်နှင့် လိုက်လာ၏။ ကျွန်ုပ်ထံတွင် တပည့်ခံ၍ ပညာဆည်းပူးကာ ဂန္ဓာရီ လှည့်ရာ နောက်သို့ လိုက်ပါလိုကြောင်း ခွင့်တောင်းလေသည် ။ ကျွန်ုပ်ကလည်း "ကဲ… ရတယ်။ ဒါပေသည့် ခုတစ်ညပဲ… ကျွန်ုပ်နှင့်အတူ ပုတီးစိပ်ခြင်း၊ ဘာဝနာပွားခြင်း အလုပ် လုပ်ကြည့်ပါဦး"ပြောကာ ခေါ်လာခဲ့သည် ။

ရွာမှ ထွက်လာခဲ့ပြီး ဘုရားတည်မည့် "ဥတစ်လုံးတောင်"၏ အလယ် တည့်တည့်တွင် ရှိသော သပြေညိုပင် ခြေရင်းသို့ ဝင်ထိုင်ကာ ကမ္မဋ္ဌာန်းပွားဖို့ ရာ ပြင်လိုက်၏။ (ဥတစ်လုံးတောင် ဆိုသည် မှာ အခြားသော တောင်များ ၊ ကုန်းမြင့်များ နှင့် ဆက်နွယ်မှုမရှိဘဲ တောင်တစ်လုံးတည်း ထီးထီးမားမား ရှိနေသော တောင်ကိုဆိုလို ခြင်း ဖြစ်၏။)